

ဆုမြတ်လှိုင်

စာစဉ် - ၁၅

# အမှိုက်ကောင် ပြန်ရှင်လာပြီ

## အပိုင်း ၂၀၆

ဟိုင်လျန်က ချီရှောက်ရန်၏စကားကို ကြားသည့်အခါ စိတ်လှုပ်ရှားသွားသည်။

သူမက ပင်လယ်မျိုးနွယ်မှ စစ်နတ်ဘုရားမဖြစ်သည်။ သူမ၏အဆင့်အတန်းက အလွန်မြင့်မား၏။ သို့ရာတွင်ပင်လယ်မျိုးနွယ်ဝင်များက သူမ၏အလှတရားကို အလွန်ရုပ်ဆိုးသည်ဟု ပြောလေ့ရှိကာ ရုပ်ဆိုးမဟု ခေါ်လေ့ရှိကြသည်။ သူမနှင့်စေ့စပ်ထားသူကပင် စေ့စပ်ပွဲကို ဖျက်သိမ်းသွားခဲ့၏။

ချီရှောက်ရန်က ဟိုင်လန်ကို ကြည့်ကာ ပြောသည်။

"အကြီးအကဲ ကျေးဇူးပြုပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ဒီမွေးရာပါအမှတ်က ပြဿနာငယ်လေးပါပဲ၊ ကျွန်တော် ကိုင်တွယ်နိုင်ပါတယ်"

ထိုစကားကို ကြားသည့်အခါ ဟိုင်လန်က အလွန်ပျော်သွားသည်။

"ဒီလိုဆိုရင်တော့ ကျေးဇူးတင်ရတော့မှာပဲ"

...

"သခင်လေး ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ငါတို့ အချင်းချင်းယဉ်ကျေးနေဖို့ လိုလို့လား၊ ဘယ်လိုဖြစ်ပြီး မင်းဆီက နေ အဲဒီလိုအနံ့မျိုး ရသွားတာလဲ၊ ဒါက စိုးရိမ်စရာပဲ"

ကျွင်းဟောင်က ဝင်ပြောသည်။

ပိုင်လျှိုယွန်က ပြုံး၏။

"ဒီအတိုင်း ပုလဲလုံးတစ်လုံးကြောင့်ပါ"

ချီရှောက်ရှန်က ထိုမိုးပြာရောင် ပုလဲလုံးကိုကြည့်ကာ မျက်လုံးပြူး သွား၏။

"ပုလဲလုံး ဟုတ်လား၊ ဒါက အဲဒီဟိုင်ဝမ်ကျူ မဟုတ်လား"

"..."

"မဟုတ်လောက်ပါဘူး၊ ဘယ်လိုဖြစ်ပြီး ရေသူမျိုးနွယ်ရဲ့ရတနာက မင်းဆီမှာ ရှိနေရမှာလဲ"

"..."

"ဒီနေ့လာသွားတဲ့ အဲဒီအမျိုးသမီးက ဘယ်သူလဲ မသိနိုင်ဘူး"

"ကျွန်တော် ခန့်မှန်းတာသာ မမှားဘူးဆိုရင် အဲဒီသူက ဟိုင်လန်ဖြစ်ရမယ်၊ ဟိုင်လုံမျိုးနွယ်ရဲ့ အမျိုးသမီးစစ်နတ်ဘုရားပေါ့၊ လွန်ခဲ့တဲ့ ၁ဂနှစ်လောက်ကတည်းက သူမက အဆင့် ၉ ကျွမ်းကျင်ပညာရှင်တစ်ယောက်ဖြစ်နေပြီးသား၊ သူမရဲ့ စိတ်အခြေအနေက အကောင်းကြီးမဟုတ်ဘူး၊ သူမနဲ့စေ့စပ်ထားတဲ့သူနဲ့ သူမက လွန်ခဲ့တဲ့နှစ် ၃၀ တုန်းက အရမ်းကို ချစ်မြတ်နိုးခဲ့ကြတာ၊ သူမက နှစ် ၃၀ လောက် အလုပ်လုပ်ပြီးတဲ့နောက်မှာ အနားယူသွားခဲ့တယ်၊ ဟိုင်လန်အနားယူသွားတဲ့နောက်မှာ သူ့ရဲ့စိတ်အခြေအနေက ပိုပြီးတော့တောင် ဆိုးရွားသွားတော့တာပဲ၊ သူက တစ်ချိန်လုံး မျက်နှာဖုံးကို တပ်ထားတယ်၊ ပင်လယ်နယ်မြေက တိုက်ပွဲတွေဆိုရင် သူမ ရှိနေတတ်ပေမဲ့ လူအများစုက သူမကို အနောက်မှာ နတ်ဆိုးမလို့ ခေါ်ကြတယ်"

ချီရှောက်ရှန်က ပိုင်လှိုယွန်ကို ကြည့်ကာ ပြောပြန်၏။

"လှိုယွန် မင်း သိနေပြန်ပြီ"

ပိုင်လှိုယွန်က ပြုံးသည်။

"အဆင်ပြေပါတယ်"

အမေက အတင်းပြောတာ အရမ်းကြိုက်တာလေ၊ ဒါကြောင့် မကြာခဏ သူ့ကို ဒီပင်လယ်မျိုးနွယ်က အကြောင်းတွေ ပြောပြတာ၊ ဒီတော့ သူ အားလုံးကို သိနေတော့တာပေါ့။

"ဟိုင်လန်ရဲ့အုတ်မြစ်ကတော့ တကယ်ခိုင်မာတယ်၊ သူမက မွေးရာပါ အမှတ်ကို ဖယ်ပြီးသွားတော့ သိပ်ကို လှပသွားတော့တာပဲ"

ချီရှောက်ရှန်က ပြောသည်။

"ဆိုလိုတာက သခင်လေးက တော်တယ်ပေါ့"

...

ထျန်းလုံ စီးပွားရေးလုပ်ငန်းစု။

"ဒေါ်လေး ဒေါ်လေးရဲ့မျက်နှာက ..."

"ငါ အရှင်သခင်အသစ်ဆီကိုသွားပြီး မွေးရာပါ အမှတ်ကို ဖယ်ခိုင်းလိုက်တာလေ၊ သူက တကယ်တော်တယ်"

ဟိုင်လန်က သူမ၏မျက်နှာကို ထိတွေ့နေသည်။

"ဒေါ်လေးက သိပ်လှသွားပြီ၊ ရေသူမျိုးနွယ်ရဲ့မင်းသမီးကတောင်မှ ဒေါ်လေးလောက် မလှနိုင်တော့ဘူး"

"ဟင် မင်း ကောင်စုတ်လေး အပြောကတော့ ချိုတယ်"

ဟိုင်လင်းက ပြုံးကာ ပြော၏။

"ဒေါ်လေး ကျွန်တော်ဆိုလိုတာက ဒေါ်လေးက မျက်စိကျိန်းမတတ်လှနေပြီလို့ ဆိုလိုတာပါ"

"ကောင်းပြီ ကောင်းပြီ မပြောတော့ဘူး"

ဟိုင်လန်က ဆက်မပြောတော့ပေ။ သူမ၏ မျက်နှာကို ကြည့်ကာ သူမ သဘောကျနေ၏။

"ချီရှောက်ရှန်က တကယ်တော်လွန်းတယ်"

"အရှင်သခင်အသစ်နဲ့ယှဉ်ရင် အခြားအရှင်သခင်တွေက အမှိုက်တွေပဲ"

ဟိုင်လင်းကလည်း ဝင်ပြောသည်။

ဟိုင်လန်က ပြုံး၏။

"သူသာ ပြဿနာမရှာဘူးဆိုရင် လူတိုင်းက သူ့ကို ပြဿနာရှာမယ် မထင်ဘူး၊ဒါဆိုရင် အဆင်ပြေသွားတာပဲ"

ဟိုင်လင်းက ဟိုင်လန်ကို ကြည့်သည်။

"ဒေါ်လေးက ချီရှောက်ရှန်အပေါ် အမြင်ကောင်းရှိတဲ့ပုံပဲ"

ဟိုင်လန်က ဟိုင်လင်းကို ကြည့်သည်။

"နင်လည်း အဲဒီလိုပဲမဟုတ်လား"

"ဒေါ်လေး ဒေါ်လေး ဘာတွေပြောနေတာလဲ၊ ကျွန်တော်က အရမ်းငယ်ပါသေးတယ်"

ဟိုင်လင်းက ဝင်ပြောသည်။

ဟိုင်လန်က ပြုံး၏။

"နင့်ကိုယ်နင် ငယ်သေးတယ်လို့ ထင်နေတာလား၊ ဒါပေမဲ့ မင်းသမီးကတော့ အဲ့လို မထင်တော့ဘူးထင်တယ်"

ဟိုင်လင်းက မျက်မှောင်ကြုတ်ကာ ပြော၏။

"သူတို့က ဘာလို့ အလျင်လိုနေကြတာလဲ၊ ဒါက ကိစ္စကြီးမှ မဟုတ်တာ၊ အဲဒီပုတီးလုံးကို သူတို့ ပျောက်သွားကတည်းက ကျွန်တော်တို့ကြားက ကိစ္စက ဆက်ရှိဖို့တောင် မဖြစ်နိုင်တော့ဘူး"

ဟိုင်လန်က ဟိုင်လင်းကို ကြည့်သည်။

"နင် တကယ်မင်းသမီးကို သဘောမကျတာလား"

"ကျွန်တော် ဘယ်လိုမှကို ခံစားချက် မရှိတာပါ"

"တကယ်လား"

...

သိပ်မကြာခင်မှာပင် ဟိုင်လန်၏အလွန်လှပသည့် မျက်နှာအကြောင်းက သတင်းပျံ့သွားခဲ့သည်။

"ငါ ကြားထားတဲ့အတိုင်းဆိုရင် ဟိုင်လန်က အခုအရမ်းအရမ်းကို ချောမောသွားပြီတဲ့လေ၊ ဒါက အရှင်သခင်အသစ်ရဲ့ လုပ်ဆောင်နိုင်စွမ်းအား ကြောင့်လို့ ပြောနေကြတာပဲ"

"ဟိုင်လုံအဖွဲ့က အဲဒီစုန်းမအိုကြီးက နင်ပြောတဲ့စကားကို ကြားရင် နင့်ကို လာသတ်လိမ့်မယ်ထင်တယ်"

***